**Highlights from DVB Debate's** impact of Metoo in Myanmar? **Feb 24th, 2018**

What is impact of Metoo in Myanmar?

***လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် စော်ကားခံရမှုတွေအတွက် ဘယ်သူ့ မှာတာဝန်ရှိသလဲ?***

**SEG I**

"ပြည်ထဲရေးက ထုတ်ပြန်ထားသလို အမျိုးသမီးတွေရဲ့ အဝတ်အစားမဆင်ခြင်မှုကြောင့် မုဒိန်းမှုတွေပိုဖြစ်တယ် ဆိုတာကို လက်မခံပါဘူး"

**ဒေါ်ထားထား၊ သဘာပတိ (အမျိုးသမီးအဖွဲ့ များကွန်ရက် WON)**

---

"အမျိုးသမီးတွေမလုံမခြုံဝတ်လို ့ဆိုတဲ့အရာက အပြည့်အဝမမှန်ဘူးဆိုသော်လည်းပဲ တချို ့တဝက်မှန်သင့် သလောက် မှန်တယ်လို ့ပြောချင်တယ်။ မလုံမခြုံဝတ်ပြီး အပေါ်ပိုင်းဖော်၊ အောက်ပိုင်းဖော် လိုက်တာ နဲ ့ယောကျ်ား လေးတွေရဲ ့စိတ်ဆန္ဒမှာ ထကြွလာပြီ။ ဒါပေမယ့် အဲဒီမိန်းခလေးကို ကျူးလွန်ဖို ့ဆိုတာ မလွယ်ကူလောက်ဘူး။ ဒါပေမယ့် သူတို့ စိတ်ဆန္ဒကိုဖြေဖျောက်မယ့် သူတို့ လက်သင့်ရာ သူတို့ ရဲ့ အနီးရှိရာ အနေအထိုင်လုံလုံခြုံခြုံ အနေအထိုင်ရိုးရိုးအေးအေးနေတဲ့သူတွေသည် သားကောင်ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ မလုံမခြုံဝတ်စားခြင်းသည် သူတို့ ရဲ့ စိတ်ခံစားမှုကို ဆွပေးလိုက်တဲ့သဘောပဲ။ "

**ဒေါ်ဇာနည်ဝင်းထွန်း၊ ဥပဒေပြုရေးကော်မတီဝင် ( အမျိုးဘာသာသာသနာစောင့်ရှောက်ရေး )**

---

"မိန်းခလေးငယ်လေးတစ်ယောက်ကို မတော်မတရားပြုကျင့်တယ်၊ သတ်ဖြတ်လိုက်တယ်။ အလောင်းဖျောက် ပစ်လိုက်တယ်။ လူမဆန်လောက်အောင်လုပ်နေပြီ။ ဒီလိုလူမျိုးကိုတော့ လူ ့အခွင့်အရေးနဲ ့တန်သလား မတန်သလားဘူးလားဆိုတာတော့ ပြန်စဉ်းစားဖို့ လိုလာတယ်။"

**ဦးယုလွင်အောင် ၊ ကော်မရှင်အဖွဲ့ ဝင်(မြန်မာနိုင်ငံ အမျိုးသားလူ့ အခွင့်အရေးကော်မရှင် )**

---

"မုဒိန်းမှုတွေ၊ သက်ငယ်မုဒိန်းတွေ များပြားလာခြင်းအတွက် ဥပဒေပိုင်းဆိုင်ရာအားနည်းချက်လို့ မပြောချင်ဘူး။ ဥပဒေအပေါ်ကျင့်သုံးတဲ့ အဓိက ကျတဲ့ တရားစွဲအဖွဲ့အစည်းတွေ၊ တရားရုံးတို့ ဥပဒေအသိုင်းအဝိုင်းတို့ ဒီပုဂ္ဂိုလ်များက အဓိကထားပြီးတော့ ဒီဥပဒေနဲ့ အညီဆောင်ရွက်သင့်တယ်။ အဲလိုဆောင်ရွက်မယ်ဆိုရင်တော့ အတိုင်းအတာတစ်ခုထိ လျော့ပါးလာလိမ့်မယ်လို့ မြင်တယ်။ "

**ဦးစိုးဟန်၊ (တရားရုံးရှေ့နေ )**

---

**SEG II**

**"သက်ငယ်ကလေးတွေ၊** သီလရှင်တွေ၊ သက်ကြီးရွယ်အိုတွေက ဘယ်လိုမှ အဝတ်အစား လျှပ်ပေါ်လော်လီ မဝတ်ပါဘူး။ လုံလုံခြုံခြုံဝတ်ပါတယ်။ အဝတ်အစားကြောင့်တော့မဟုတ်ပါဘူး။ ဒါကြောင့် မုဒိန်းမှုဖြစ်တဲ့ အဓိက အကြောင်းကို သိချင်ပါတယ်။ "

ပရိသတ် ၊ ဒေါ်ဆွေဆွေလတ် (အလုံမြို့နယ်)

---

"ကန့်ဘလူခရိုင်တရားရုံးက ဖေဖော်ဝါရီ (၅)ရက်နေ့က သက်ငယ်မုဒိန်းကို ထောင်(၅)နှစ်ပဲချတယ်။ ဒီကျူးလွန်ခံရတဲ့ကလေးဘဝက (၅)နှစ်နဲ့ မလုံလောက်ပါဘူး။ လွတ်ရက်မရှိတဲ့ ပြစ်ဒဏ်မျိုးပဲလိုချင်ပါတယ်။ ၅ နှစ်ဆိုတာ ကလေးငယ်ရဲ့ဘဝက မလုံခြုံပါဘူး။"

ဒေါ်တင်ဆွေမြင့်(မြန်မာအမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ )

---

"ကျမတို့ ခုတောင်းဆိုနေတာက တရားမျှတမှုပါ။ ငြိမ်းချမ်းနဲ့ စိတ်နဲ့ အမျိုးသမီးတွေ နေ့စဉ်ဘဝမှာ နေထိုင်နိုင်ဖို့ပါ။ အမျိုးသမီးနဲ့ အမျိုးသမီးငယ်တွေကို လေးစားဖို့ အတွက်တောင်းဆိုနေတာဖြစ်ပါတယ်။ ဘယ်သူ့ပေါ်မှမှ ထိခိုက်နစ်နာစေလို့တာမဟုတ်ပါဘူး။ ဒီလိုမျိုးစာရိတ္တတွေပျက်ပြီး ယဉ်ကျေးမှုမရှိလောက်အောင် ခေါင်းမဖော်နိုင်လောက်အောင်ဖြစ်နေတဲ့အခြေအနေက နှစ်ပေါင်း ၃၀ စစ်အာဏာရှင်အောက် နေခံရတဲ့ ကျမတို့ရဲ့ဘဝတွေရဲ့ နောက်ဆုံးအကျိုးဆက်လို့ပဲပြောချင်ပါတယ်။ အစဉ်အဆက်လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့နေရာမှာ ခိုးဆိုးခါးတွေ လူဆိုးတွေ ဓါးမြတွေ လူသတ်သမားတွေကို လွှတ်ပေးတယ်။ အဲဒီလူတွေအပြင်မှာ ထကြွသောင်းကျန်းနေတဲ့ ဒဏ်ကို ကျမတို့က ခုခံနေရတာပါ။"

မခင်လေး ၊ ဒါရိုက်တာ (Triangle အမျိုးသမီးအဖွဲ့ )

---

**SEG III**

"လူ ့အခွင့်အရေးကို ခဏထားပြီး မြန်မာပြည်ရဲ့ အခုဖြစ်နေတဲ့အခြေအနေပေါ်မှာမူတည်ပြီး၊ ဖြစ်နေတဲ့ အခြေအနေလေးကို သုံးသပ်ပြီး လုပ်သင့်လုပ်ထိုက်တဲ့သေဒဏ်စနစ်ကို မကျင့်သုံးသင့်ဘူးလား မေးချင်ပါတယ်။"

ပရိသတ် ၊ လမ်းမတော်မှတ်ဆိတ်

---

"ဒဂုံမြို့သစ်မြောက်ပိုင်းမှာဖြစ်တဲ့ သက်ငယ်မုဒိမ်းမှုတစ်ခု ဖြစ်တယ်။ သံသယတရားခံလေးငါးယောက်ကို ကျူးလွန်ခံရတဲ့ကလေးကို လက်ညှိုးထိုးခိုင်းတယ်။ ကလေးကကြောက်လို ့ မထိုးပြရဲဘူး။ ဆိုတော့ ရဲကတရားခံကို မပြနိုင်လို ့ဆိုပြီး မဖမ်းဘူး။ ဆိုတော့ ဒီလိုဖြစ်ရပ်တွေအတွက် ဘယ်သူ့မှာတာဝန်ရှိသလဲ မေးချင်ပါတယ်။ "

ကိုအောင်မော် (၈၈၈၈ ပြတိုက်တာဝန်ခံ)

---